APHA : American Public Health Association (APHA), the American Water Works Association (AWWA), and the Water Environment Federation (WEF), Standard Methods for the Examination of Water and Wastewater, 23rd edition

Analyzed By :
[illegible]
Manager

LAB
Nov 7, 2023
GEM

Approved By :
[illegible] Nov 7, 2023
Managing Director

[illegible]

# စွန့်ထုတ်ရေထွက်ရှိသောနေရာများနှင့် စွန့်ထုတ်ရေရောက်ရှိနိုင်သည့်ချောင်း၏ အခြေခံအချက်အလက်များကို နှိုင်းယှဉ်ရန်အတွက် ရည်ညွှန်းစောင့်ကြည့်လေ့လာသည့် နေရာများ

DOWA

Report No. : GEM LAB-20231-1009
Revision No. : 1
Report Date : 7 November, 2023
Application No. : 0001-C(3)

## Analysis Report

Client Name : Myanmar Koei International LTD (MKI)
Address : No. 38/A, 1st Floor, Grand Phi Sein Condominium, Pho Sein Road, Tamwe Township, Yangon, Myanmar
Project Name : Environment Monitoring report for Zone A & B
Sample Description
Sample Name : MKI-SW-7-1023 | Sampling Date : 24 October, 2023
Sample No. : W-2310130 | Sampling By : Customer
Waste Profile No. : - | Sample Received Date : 24 October, 2023
Analytical Date : 24/10-7/11/2023

| No. | Parameter | Method | Unit | Result | LOQ |
|---|---|---|---|---|---|
| 1 | SS | APHA 2540D (Dry at 103-105°C Method) | mg/l | 80 | - |
| 2 | BOD (5) | APHA 5210 B (5 Days BOD Test) | mg/l | 5.06 | 0.99 |
| 3 | COD (Cr) | APHA 5220D (Close Reflux Colorimetric Method) | mg/l | 17.3 | 3.3 |
| 4 | Oil and Grease | APHA 5520B (Partition-Gravimetric Method) | mg/l | <3.1 | 3.1 |
| 5 | Color | APHA 2120C (Spectrophotometric Method) | TCU | 19.45 | 3.00 |
| 6 | Total Nitrogen | HACH Method 10072 (TNT Persulfate Digestion Method) | mg/l | 1.8 | 1.0 |
| 7 | Total Phosphorous | APHA 4500-P E (Ascorbic Acid Method) | mg/l | 0.21 | 0.03 |
| 8 | TDS | APHA 2540 C (Total Dissolved Solids Dried at 180°C Method) | mg/l | 98 | - |
| 9 | Chromium | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | <0.002 | 0.002 |
| 10 | Mercury | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | <0.002 | 0.002 |
| 11 | Iron | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | 0.892 | 0.002 |
| 12 | Total Coliform | APHA 9221B (Standard Total Coliform Fermentation Technique) | MPN/100ml | 35000.0 | 1.8 |
| 13 | Odor | APHA 2150 B (Threshold Odor Test) | TON | 1 | 1 |

Remark : LOQ : Limit of Quantitation
APHA : American Public Health Association (APHA), the American Water Works Association (AWWA), and the Water Environment Federation (WEF), Standard Methods for the Examination of Water and Wastewater, 22nd edition

Analysed By :
Manager

LAB
Nov 3, 2023
GEM

Approved By :
Nov 7, 2023
Managing Director

MJTD

DOWA

[illegible]

Report No. : GEM-LAB-202311017
Revision No. : 1
Report Date : 7 November, 2023
Application No. : 2001-C001

# Analysis Report

Client Name : Myanmar Koei International LTD (MKI)
Address : No. 36/A, 1st Floor, Grand Pho Sein Condominium, Pho Sein Road, Tamwe Township, Yangon, Myanmar
Project Name : Environmental Monitoring report for Zone A & B
Sample Description :
Sample Name : MKI-SW-4-1024 | Sampling Date : 24 October, 2023
Sample No. : W-2310127 | Sampling By : Customer
Waste Profile No : - | Sample Received Date : 24 October, 2023
Analytical Date : 24/10-7/11/2023

| No. | Parameter | Method | Unit | Result | LOQ |
|---|---|---|---|---|---|
| 1 | SS | APHA 2540D (Dry at 103-105 °C Method) | mg/l | 103 | - |
| 2 | BOD (5) | APHA 5210 B (5 Days BOD Test) | mg/l | 4.11 | 0.60 |
| 3 | COD (Cr) | APHA 5220D (Close Reflux Colorimetric Method) | mg/l | 9.6 | 0.7 |
| 4 | Oil and Grease | APHA 5520B (Partition-Gravimetric Method) | mg/l | <3.1 | 3.1 |
| 5 | Color | APHA 2120C (Spectrophotometric Method) | TCU | 13.94 | 0.00 |
| 6 | Total Nitrogen | HACH Method 10072 (TNT Persulfate Digestion Method) | mg/l | <0.5 | 0.5 |
| 7 | Total Phosphorous | APHA 4500-P E (Ascorbic Acid Method) | mg/l | 0.16 | 0.05 |
| 8 | TDS | APHA 2540 C (Total Dissolved Solids Dried at 180°C Method) | mg/l | 112 | - |
| 9 | Chromium | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | <0.002 | 0.002 |
| 10 | Mercury | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | <0.002 | 0.002 |
| 11 | Iron | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | 12.860 | 0.002 |
| 12 | Total Coliform | APHA 9221B (Standard Total Coliform Fermentation Technique) | MPN/100ml | 14000.0 | 1.8 |
| 13 | Odor | APHA 2150 B (Threshold Odor Test) | TON | 1 | 0 |

Remark : LOQ - Limit of Quantitation
APHA - American Public Health Association (APHA), the American Water Works Association (AWWA), and the Water Environment Federation (WEF), Standard Methods for the Examination of Water and Wastewater, 23rd edition

Analyzed By :
Ni Ni Aye Lwin
Manager

LAB
Nov 7, 2023
GEM

Approved By :
[illegible] Nov 7, 2023
Managing Director

[illegible]

MJTD

GEM

Report No. : GEM LAB 20231102C
Revision No. : 1
Report Date : 7 November, 2023
Application No. : 0001-C031

# Analysis Report

Client Name : Myanmar Koei International LTD (MKI)
Address : No. 38/A, 1st Floor, Grand Pho Sein Condominium, Pho Sein Road, Tamwe Township, Yangon, Myanmar
Project Name : Environment Monitoring report for Zone A & B
Sample Description

Sample Name : MKI-SW-2-1024
Sample No. : W-2310119
Waste Profile No. : -
Sampling Date : 24 October, 2023
Sampling By : Customer
Sample Received Date : 24 October, 2023
Analytical Date : 24/10-7/11/2023

| No. | Parameter | Method | Unit | Result | LOQ |
|---|---|---|---|---|---|
| 1 | SS | APHA 2540D (Dry at 103-105°C Method) | mg/l | 2 | - |
| 2 | BOD (5) | APHA 5210 B (5 Days BOD Test) | mg/l | 0.76 | 0.04 |
| 3 | COD (Cr) | APHA 5220D (Close Reflux Colorimetric Method) | mg/l | <0.7 | 0.7 |
| 4 | Oil and Grease | APHA 5520B (Partition-Gravimetric Method) | mg/l | <3.1 | 3.1 |
| 5 | Color | APHA 2120C (Spectrophotometric Method) | TCU | 39.65 | 0.65 |
| 6 | Total Nitrogen | HACH Method 10072 (TNT Persulfate Digestion Method) | mg/l | <0.5 | 0.5 |
| 7 | Total Phosphorus | APHA 4500-P E (Ascorbic Acid Method) | mg/l | 0.62 | 0.05 |
| 8 | TDS | APHA 2540 C (Total Dissolved Solids Dried at 180°C Method) | mg/l | 370 | |
| 9 | Chromium | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | <0.002 | 0.002 |
| 10 | Mercury | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | <0.002 | 0.002 |
| 11 | Iron | APHA 3120 B (Inductively Coupled Plasma (ICP) Method) | mg/l | 1.350 | 0.002 |
| 12 | Total Coliform | APHA 9221B (Standard Total Coliform Fermentation Technique) | MPN/100ml | 8.1 | 1.8 |
| 13 | Odor | APHA 2150 B (Threshold Odor Test) | TON | 1 | 0 |
| 14 | Escherichia Coli | APHA 9221 F Escherichia Coli Procedure Using Fluorogenic Substrate | MPN/100ml | 2.0 | 1.8 |

Remark : LOQ - Limit of Quantitation
APHA - American Public Health Association (APHA), the American Water Works Association (AWWA), and the Water Environment Federation (WEF), Standard Methods for the Examination of Water and Wastewater, 23rd edition

Analyzed By
N. N. Aye Lwin
Manager

LAB
Nov. 7, 2023
GEM

Approved By
Nov 7, 2023
Managing Director

MJTD

# သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)ရှိ
# စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်
# ရေအရည်အသွေးစောင့်ကြည့်လေ့လာခြင်းအစီရင်ခံစာ
## (လုပ်ငန်းလည်ပတ်နေစဥ်ကာလ အပိုင်း ၁၊ အပိုင်း ၂ နှင့် အပိုင်း ၃)

(တစ်နှစ် နှစ်ကြိမ် စောင့်ကြည့်လေ့လာခြင်း)

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ
မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

# မာတိကာ


အခန်း ၁ နိဒါန်း ........................................ ၁
၁.၁ ပယောဂျက် ဖော်ပြချက် ........................................ ၁
အခန်း ၂ ရေအရည်အသွေးစောင့်ကြည့်လေ့လာခြင်း ........................................ ၃
၂.၁ စောင့်ကြည့်လေ့လာသည့်အမျိုးအစား ........................................ ၃
၂.၂ ရေနမူနာရယူသည့်နေရာများ၏တည်နေရာနှင့်အချက်အလက်များဖော်ပြချက် ........................................ ၅
၂.၃ စောင့်ကြည့်လေ့လာသည့်နည်းလမ်း ........................................ ၇
၂.၄ စောင့်ကြည့်လေ့လာသည့်ကာလ ........................................ ၉
၂.၅ စောင့်ကြည့်လေ့လာမှုရလဒ်များ ........................................ ၉
အခန်း ၃ နိဂုံးချုပ် နှင့် အကြံပြုချက်များ ........................................ ၁၈
နောက်ဆက်တွဲ ၁ ရေနမူနာရယူသည့် မှတ်တမ်းဓာတ်ပုံများ ........................................ က၁-၁
နောက်ဆက်တွဲ ၂ ဓာတ်ခွဲခန်းရလဒ်များ ........................................ က၂-၁


## ဇယားများစာရင်း


ဇယား ၂.၁-၁ စောင့်ကြည့်လေ့လာသည့်အမျိုးအစား ........................................ ၃
ဇယား ၂.၂-၁ ရေနမူနာရယူသည့်နေရာများ ........................................ ၅
ဇယား ၂.၃-၁ ရေအရည်အသွေးစစ်ဆေးသည့် နည်းလမ်းများ ........................................ ၇
ဇယား ၂.၄-၁ နေရာတစ်ခုချင်းစီအတွက် နမူနာရယူသည့်အချိန် ........................................ ၉
ဇယား ၂.၄-၂ မြန်မာနိုင်ငံ ရန်ကုန်မြစ်၏ ဒီရေမှတ်တမ်း ........................................ ၉
ဇယား ၂.၅-၁ စွန့်ထုတ်ရေထွက်ပေါက်နှင့်စွန့်ထုတ်ရေရောက်ရှိသော ချောင်းမှရေအရည်အသွေး
စောင့်ကြည့်လေ့လာမှုရလဒ်များ ........................................ ၁၂
ဇယား ၂.၅-၂ ရည်ညွှန်းရေတွင်း၏ ရေအရည်အသွေးစောင့်ကြည့်တန်ဖိုးရလဒ် ........................................ ၁၄


## ပုံများစာရင်း


ပုံ ၁.၁-၁ ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုအတွက်ရေနမူနာရယူသောနေရာများ၏ တည်နေရာပြပုံ ... ၂





MJTD

# အခန်း ၁ နိဒါန်း

## ၁.၁ ယေဘုယျ ဖော်ပြချက်

သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်တိုင်းဒေသကြီး၏ တောင်ပိုင်းခရိုင်တွင်တည်ရှိပြီး ရန်ကုန်မြို့၏ အရှေ့တောင်ဘက် ၂၃ ကီလိုမီတာတွင် တည်ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန်၏ အကောင်အထည် ဖော်ဆောင်သူအနေဖြင့် ဇုန်အပိုင်း(ခ)အတွင်းရှိ စက်မှုမြေနေရာအတွက် ခွင့်ပြုချက်ရရှိထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာနှင့် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်အတိုင်း ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းကို ဆောင်ရွက်ရန် မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးရေးလီမိတက်တွင် တာဝန်ရှိပါသည်။ မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးရေးလီမိတက်သည် ဇုန်အတွင်း နှင့် အနီးပတ်ဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင် အခြေအနေများကိုသိရှိစေရန် သဘာဝပတ်ဝန်းကျင်နှင့်သက်ဆိုင်သော အချက်အလက် စောင့်ကြည့်လေ့လာမှုများကို ရေးဆွဲထားပြီး ထိုအစီအစဉ်များအရ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုအား ရေနမူနာရယူရာတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ စုစုပေါင်းနေရာ လေးနေရာ၊ နာမည်အားဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) နှင့် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) တို့တွင် စောင့်ကြည့်လေ့လာခဲ့ပါသည်။ ထိုနေရာ လေးနေရာမှ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) သည် ဇုန်အပိုင်း(ခ) လုပ်ငန်းလည်ပတ်နေစဉ်ကာလတွင် အဓိကစွန့်ထုတ်ရေထွက်ပေါက် ဖြစ်ပါသည်။ ထို့အပြင် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) အား သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(ခ)၏ တောင်ဘက်နယ်နိမိတ်အနီး ဖလမ်းကျေးရွာတွင်တည်ရှိသော ဘုန်းကြီးကျောင်းပရဝဏ်အတွင်းရှိ ရေတွင်းအားရည်ညွှန်းနိုင်ရန် စောင့်ကြည့်လေ့လာခဲ့သည်။ ရေအရည်အသွေး စောင့်ကြည့်လေ့လာမှုအတွက် ရေနမူနာရယူသော နေရာများ၏ တည်နေရာများကို ပုံ ၁.၁-၁ တွင် ဖော်ပြထားပါသည်။




မူရင်း။ ဂူဂဲလ်အာ့သ်

**ပုံ ၁.၁-၁ ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုအတွက်ရေနမူနာရယူသောနေရာများ၏ တည်နေရာပြပုံ**

# အခန်း ၂ ရေအရည်အသွေးစောင့်ကြည့်လေ့လာခြင်း

## ၂.၁ စောင့်ကြည့်လေ့လာသည့်အမျိုးအစား

ရေအရည်အသွေး စောင့်ကြည့်လေ့လာမှုအတွက် ရေနမူနာရယူသောနေရာများနှင့် ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစားများ(Parameters)ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ အစီအရင်ခံစာပါ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်လေ့လာမှု အစီအစဉ်အား ဖြည့်ဆည်းရန်အလို့ငှာ ဆောင်ရွက်ထားပါသည်။

ရေအရည်အသွေးနမူနာစစ်တမ်းရယူမှုအား နေရာလေးနေရာတွင် ဆောင်ရွက်ခဲ့ပါသည်။ ထိုနေရာ လေးနေရာမှ ရေစီးဆင်းမှုတိုင်းတာခြင်းကို ရေစီးနှုန်းတိုင်းကိရိယာဖြင့် တိုင်းတာနိုင်သော နေရာနှစ်နေရာ ဖြစ်သည့် မြေပေါ်ရေနမူနာယူသည့်နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4) တို့တွင် တိုင်းတာခဲ့ပါသည်။ သို့သော်လည်း ရေတံခါးများ ပိတ်ထားသောကြောင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၇ (SW-7) တွင် ရေစီးနှုန်းတိုင်းကိရိယာဖြင့် တိုင်းတာခဲ့ခြင်း မလုပ်ခဲ့ပါ။ စောင့်ကြည့်လေ့လာသော ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစားများ(Parameters) နှင့် ရေနမူနာရယူသောနေရာများကို ဇယား ၂.၁-၁ တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။

**ဇယား ၂.၁-၁ စောင့်ကြည့်လေ့လာသည့်အမျိုးအစား**

| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစား (Parameters) | မြေပေါ်ရေ နမူနာယူသည့် နေရာ-၂ (SW-2) | မြေပေါ်ရေ နမူနာယူသည့် နေရာ-၄ (SW-4) | မြေပေါ်ရေ နမူနာယူသည့် နေရာ-၇ (SW-7) | မြေအောက် ရေနမူနာယူ သည့်နေရာ-၂ (GW-2) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရေအပူချိန် (Water Temperature) | ◎ | ◎ | ◎ | ◎ | ရေနမူနာရယူသည့်နေရာတွင် တိုက်ရိုက်တိုင်းတာခြင်း |
| ၂ | ချဉ်ငန်ကိန်း (pH) | ◎ | ◎ | ◎ | ◎ | ရေနမူနာရယူသည့်နေရာတွင် တိုက်ရိုက်တိုင်းတာခြင်း |
| ၃ | ပျော်ဝင်အောက်ဆီဂျင် (DO) | ◎ | ◎ | ◎ | ◎ | ရေနမူနာရယူသည့်နေရာတွင် တိုက်ရိုက်တိုင်းတာခြင်း |
| ၄ | ဆိုင်းငြိအနယ်များ (Suspended Solids) | ◎ | ◎ | ◎ | ◎ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၅ | ဇီဝနည်းဖြင့်ပြိုခွဲရန် အောက်ဆီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{5}$) | ◎ | ◎ | ◎ | ◎ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၆ | ဓာတုနည်းဖြင့် ပြိုခွဲရန် အောက်ဆီဂျင် လိုအပ်ချက် ($COD_{Cr}$) | ◎ | ◎ | ◎ | ◎ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၇ | ကိုလီဖောင်းစုစုပေါင်း (Total Coliform) | ◎ | ◎ | ◎ | ◎ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၈ | ဆီနှင့်အမဲဆီ (Oil and Grease) | ◎ | ◎ | ◎ | ◎ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၉ | နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen) | ◎ | ◎ | ◎ | ◎ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၁၀ | ဖော့စဖောရက်စုစုပေါင်း (Total Phosphorus) | ◎ | ◎ | ◎ | ◎ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၁၁ | အရောင် (Color) | ◎ | ◎ | ◎ | ◎ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၁၂ | အနံ့ (Odor) | ◎ | ◎ | ◎ | ◎ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၁၃ | အမိုးနီးယား (Ammonia) | ◎ | ◎ | ◎ | ◎ | ဓာတ်ခွဲစမ်းသပ်ခြင်း |

| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အချိုးအစား (Parameters) | မြေပေါ်ရေ နမူနာယူသည့် နေရာ-၂ (SW-2) | မြေပေါ်ရေ နမူနာယူသည့် နေရာ-၄ (SW-4) | မြေပေါ်ရေ နမူနာယူသည့် နေရာ-၇ (SW-7) | မြေအောက် ရေနမူနာယူ သည့်နေရာ-၂ (GW-2) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၄ | ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၁၅ | ပြဒါးဓာတ် (Mercury) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၁၆ | သွပ် (Zinc) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၁၇ | အာဆင်းနစ် (Arsenic) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၁၈ | ခရိုမီယမ် (Chromium) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၁၉ | ကက်ဒမီယမ် (Cadmium) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၂၀ | ဆယ်လီနီယမ် (Selenium) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၂၁ | ခဲ (Lead) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၂၂ | ကြေးနီ (Copper) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၂၃ | ဘေရီယမ် (Barium) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၂၄ | နီကယ် (Nickel) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၂၅ | ငွေ (Silver) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၂၆ | သံဓာတ် (Iron) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၂၇ | ဆိုင်ယာနိုဒ် (Cyanide) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၂၈ | ဆိုင်ယာနိုဒ်စုစုပေါင်း (Total Cyanide) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၂၉ | ခရိုမီယမ် (Chromium Hexavalent) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၃၀ | ဖလူအိုရိုက် (Fluoride) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၃၁ | ဖရီးကလိုရင်း (Free Chlorine) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၃၂ | ကြွင်းကျန်သောကလိုရင်းစုစုပေါင်း (Total Residual Chlorine) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၃၃ | ဆာလဖိုဒ် (Sulphide) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၃၄ | ဖော်မယ်ဒီဟိုက် (Formaldehyde) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၃၅ | ဖီနော (Phenols) | ○ | ○ | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၃၆ | ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (Escherichia Coli) (ကိုယ်တိုင်စောင့်ကြည့်လေ့လာခြင်း) | - | - | ○ | ○ | ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၃၇ | ရေစီးဆင်းနှုန်း | ○ | ○ | - | - | ရေနမူနာရယူသည့်နေရာတွင် တိုက်ရိုက်တိုင်းတာခြင်း |

ရင်းမြစ်။ မြန်မာဂျပန်သီလဝါဒီဗလော့ပ်မင့်လီမိတက်

## ၂.၂ ရေနမူနာရယူသည့်နေရာများ၏တည်နေရာနှင့်အချက်အလက်များဖော်ပြချက်

ရေနမူနာယူသည့်နေရာများကို ဇယား ၂.၂-၁ တွင် ဖော်ပြထားပါသည်။ ရေနမူနာရယူသည့်နေရာ တစ်ခုစီတွင် စစ်တမ်းရယူခဲ့သည့်မှတ်တမ်းပုံများကို နောက်ဆက်တွဲ-၁ တွင်ဖော်ပြထားသည်။

**ဇယား ၂.၂-၁ ရေနမူနာရယူသည့်နေရာများ**

| စဉ် | တည်နေရာ | အသေးစိတ်အချက်အလက် |
|---|---|---|
| ၁ | မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) | ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၄၀' ၂၀.၆၉"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၇' ၁၈.၀၄" |
| | | တည်နေရာ - ရွှေပျောက်ချောင်းအထက်ပိုင်း |
| | | ရေနမူနာရယူသော အမျိုးအစား - မြေပေါ်ရေရယူခြင်းနှင့်ရေစီးနှုန်းတိုင်းတာခြင်း |
| ၂ | မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) | ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၃၉' ၄၂.၈၄"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၆' ၂၇.၄၂" |
| | | တည်နေရာ - ရွှေပျောက်ချောင်းအောက်ပိုင်း |
| | | ရေနမူနာရယူသော အမျိုးအစား - မြေပေါ်ရေရယူခြင်းနှင့်ရေစီးနှုန်းတိုင်းတာခြင်း |
| ၃ | မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) | ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၄၀' ၁၃.၂၅"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၇' ၅.၆၆" |
| | | တည်နေရာ - ရွှေပျောက်ချောင်းသို့ မရောက်မီ ဇုန် အပိုင်း (ခ)၏ ရေထိန်းကန်ရှိ ထွက်ပေါက် |
| | | ရေနမူနာရယူသော အမျိုးအစား - စွန့်ထုတ်ရေရယူခြင်း |
| ၄ | မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) | ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၃၉' ၂၅.၃၀"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၇' ၁၅.၆၀" |
| | | တည်နေရာ - ဖလမ်းကျေးရွာရှိ ဘုန်းကြီးကျောင်းပရဝဏ်အတွင်း |
| | | ရေနမူနာရယူသော အမျိုးအစား - မြေအောက်ရေရယူခြင်း |

မူရင်း။ မြန်မာဂျပန်သီလဝါဖွံ့ဖြိုးရေး လီမိတက်

**မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) (ရေအရည်အသွေး ရည်ညွှန်းအမှတ်)**
မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)အား ရွှေပျောက်ချောင်း၏ အထက်ပိုင်းတွင် ရယူခဲ့ခြင်းဖြစ်သည်။ အဆိုပါအမှတ်သည် ဇုန်အပိုင်း(ခ)ဧရိယာ၏ အရှေ့မြောက်ဘက်နှင့် ဒဂုံ-သီလဝါလမ်း၏ တောင်ဘက်တွင် တည်ရှိပါသည်။ အနောက်မြောက်တွင် ဇုန်အပိုင်း(က) နှင့် အရှေ့ဘက်တွင် ပြည်တွင်းစက်မှုဇုန်တို့က အသီးသီး ဝန်းရံလျက် ရှိသည်။

**မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) (ရေအရည်အသွေး ရည်ညွှန်းအမှတ်)**
ပြည်တွင်းစက်မှုဇုန်၊ သီလဝါ ဇုန်အပိုင်း(က) နှင့် ဇုန်အပိုင်း(ခ)ရှိ လုပ်ငန်းခွင်များမှ စွန့်ထုတ်လိုက်သောရေများပေါင်းစည်းရောနှောသွားသောနေရာ ရွှေပျောက်ချောင်း၏ အောက်ပိုင်းတွင် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တွင် ရယူခဲ့ခြင်းဖြစ်သည်။ ရွှေပျောက်ချောင်းသည် အရှေ့မှအနောက်သို့စီးဆင်းပြီး ရန်ကုန်မြစ် အတွင်းသို့ စီးဝင်သည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) သည် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)၏ ချောင်းအောက်ပိုင်း ၂.၁၅ ကီလိုမီတာအကွာတွင် တည်ရှိပါသည်။ အဆိုပါ ရေနမူနာရယူသည့်နေရာသည် ဇုန်အပိုင်း(ခ) ဧရိယာ၏ အနောက်ဘက်တွင်တည်ရှိပြီး ဒဂုံ-သီလဝါလမ်း၏ တောင်ဘက်တွင်တည်ရှိပါသည်။ ပတ်ဝန်းကျင်အနီးအနားတွင် အရှေ့မြောက်ဘက်တွင် ဇုန်အပိုင်း (က)၊ အရှေ့ဘက်တွင် ပြည်တွင်းစက်မှုဇုန်၊ တောင်ဘက်နှင့် အနောက်ဘက်တို့တွင် စပါးခင်းတို့ အသီးသီးတည်ရှိပါသည်။

**မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) (စွန့်ထုတ်ရေထွက်ပေါက်)**
မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) သည် ဇုန်အပိုင်း(ခ)၏ လုပ်ငန်းလည်ပတ်နေစဉ်ကာလအတွင်း အဓိကစွန့်ထုတ်ရေထွက်ပေါက် ဖြစ်ပါသည်။ ထိုနေရာသည် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) ၏ ချောင်းအောက်ပိုင်း၊ အကွာအဝေးအားဖြင့် ၄၃၄ မီတာ အကွာတွင် တည်ရှိပါသည်။ နမူနာရယူသည့်နေရာမှာ ဇုန်အပိုင်း(ခ) ရေထိန်းကန်၏ထွက်ပေါက်၊ ဇုန်အပိုင်း(ခ) ဧရိယာ၏ မြောက်ဘက်နှင့် ဒဂုံ-သီလဝါလမ်းမကြီး၏ တောင်ဘက်တွင် တည်ရှိပါသည်။ အနီးအနားပတ်ဝန်းကျင်၌ မြောက်ဘက်တွင် ဇုန်အပိုင်း(က) နှင့် အရှေ့ဘက်တွင် ပြည်တွင်းစက်မှုဇုန်တို့ တည်ရှိပါသည်။

**မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) (မူလတည်ရှိနေသောရေတွင်းအား ရည်ညွှန်းခြင်း)**
မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) အား တူးဖော်ထားသောရေတွင်းမှ ရယူခဲ့ပါသည်။ အဆိုပါ ရေတွင်းသည် ဖလမ်းကျေးရွာရှိ ဘုန်းကြီးကျောင်းပရဝဏ်အတွင်းတွင် တည်ရှိပါသည်။ အနီးအနားပတ်ဝန်းကျင်၌ မြောက်ဘက်တွင် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (က)၊ တောင်ဘက်တွင် ဖလမ်းကျေးရွာ၊ အနောက်ဘက်တွင် လယ်ကွင်းများ၊ အရှေ့မြောက်ဘက်တွင် ပြည်တွင်းစက်မှုဇုန်နှင့် အရှေ့နှင့်အရှေ့မြောက်ဘက်တွင် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (ခ)တို့ အသီးသီးတည်ရှိနေပါသည်။

## ၂.၃ စောင့်ကြည့်လေ့လာသည့်နည်းလမ်း

ရေနမူနာများကို ရယူပြီး သန့်စင်ထားသောဖန်ပုလင်းညိုများဖြင့် သိမ်းဆည်းပြီး ဇယား ၂.၃-၁ တွင် ဖော်ပြထားသော နည်းလမ်းများဖြင့် ဓာတ်ခွဲခန်း၌ စစ်ဆေးပါသည်။ ရေနမူနာများကို ရေခဲပုံးများဖြင့် ၂-၄ဒီဂရီ ဆဲလ်စီးရပ်တွင် သိမ်းဆည်းထားပြီး ဓာတ်ခွဲခန်းသို့ ပို့ဆောင်ပါသည်။ တိုင်းတာသည့် ရေအရည်အသွေး အမျိုးအစားများ၌ ရေအပူချိန်၊ ချဉ်ဖန်ကိန်း နှင့် ပျော်ဝင်အောက်စီဂျင်တို့အား ရေအရည်အသွေး တိုင်းတာသောစက်ကိရိယာ (Horiba U-52)ကို အသုံးပြု၍ ရေနမူနာရယူသည့်နေရာ၌ပင် တိုက်ရိုက်တိုင်းတာခဲ့ပါသည်။ ထို့အပြင်ရေစီးဆင်းမှုနှုန်းကိုလည်း ဒီဂျစ်တယ်ရေစီးနှုန်းတိုင်းကိရိယာ (JFE Digital Current Meter)ဖြင့် ရေနမူနာရယူသည့်နေရာ၌ တိုင်းတာခဲ့ပါသည်။

**ဇယား ၂.၃-၁ ရေအရည်အသွေးစစ်ဆေးသည့် နည်းလမ်းများ**

| စဉ် | အမျိုးအစားများ | နည်းလမ်း |
|---|---|---|
| ၁ | ရေအပူချိန် (Water Temperature) | Instrument Analysis Method (Horiba, U-52, Multi Water Quality Checker) |
| ၂ | ချဉ်ဖန်ကိန်း (pH) | Instrument Analysis Method (Horiba, U-52, Multi Water Quality Checker) |
| ၃ | ပျော်ဝင်အောက်စီဂျင် (Dissolved Oxygen) | Instrument Analysis Method (Horiba, U-52, Multi Water Quality Checker) |
| ၄ | ဆိုင်းငံ့အနည် (Suspended Solids) | APHA 2540 D (Dry at 103-105°C Method) |
| ၅ | ဇီဝနည်းဖြင့်ပြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$) | APHA 5210 B (5 Days BOD Test) |
| ၆ | ဓာတုနည်းဖြင့် ပြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$) | APHA 5220D (Close Reflux Colorimetric Method) |
| ၇ | ကိုလီဖောင်း စုစုပေါင်း (Total Coliform) | APHA 9221B (Standard Total Coliform Fermentation Technique) |
| ၈ | ဆီနှင့် အမဲဆီ (Oil and Grease) | APHA 5520B (Partition-Gravimetric Method) |
| ၉ | နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen) | HACH Method 10072 (TNT Persulfate Digestion Method) |
| ၁၀ | ဖော့စဖောရက်စုစုပေါင်း (Total Phosphorus) | APHA 4500-P E (Ascorbic Acid Method) |
| ၁၁ | အရောင် (Color) | APHA 2120C (Spectrophotometric Method) |
| ၁၂ | အနံ့ (Odor) | APHA 2150 B (Threshold Odor Test) |
| ၁၃ | အမိုးနီးယား (Ammonia) | HACH Method 10205 (Silicylate TNT Plus Method) |
| ၁၄ | ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids) | APHA 2540 C (Total Dissolved Solids Dried at 180°C Method) |
| ၁၅ | ပြဒါးဓာတ် (Mercury) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၁၆ | သွပ် (Zinc) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၁၇ | အာဆင်းနစ် (Arsenic) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၁၈ | ခရိုမီယမ် (Chromium) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၁၉ | ကက်ဒမီယမ် (Cadmium) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၂၀ | ဆယ်လီနီယမ် (Selenium) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |

| စဉ် | အမျိုးအစားများ | နည်းလမ်း |
|---|---|---|
| ၂၁ | ခဲ (Lead) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၂၂ | ကြေးနီ (Copper) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၂၃ | ဘေရီယမ် (Barium) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၂၄ | နီကယ် (Nickel) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၂၅ | ငွေ (Silver) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၂၆ | သံဓာတ် (Iron) | APHA 3120 B (Inductively Coupled Plasma (ICP) Method) |
| ၂၇ | ဆိုင်ယာနိုဒ် (Cyanide) | HACH 8027 (Pyridine-Pyrazalone Method) |
| ၂၈ | ဆိုင်ယာနိုဒ်စုစုပေါင်း (Total Cyanide) | Distillation process: APHA 4500-CN-C. Total Cyanide after Distillation, Determine cyanide Concentration Process: HACH 8027 (Pyridine - Pyrazalone Method) |
| ၂၉ | ခရိုမီယမ် (Chromium Hexavalent) | ISO 11083:1994 (Determination of chromium (VI) Spectrometric method using 1,5-diphenylcarbazide) |
| ၃၀ | ဖလူအိုရိုက် (Fluoride) | APHA 4110 B (Ion Chromatography with Chemical Suppression of Eluent Conductivity) |
| ၃၁ | ဖရီးကလိုရင်း (Free Chlorine) | APHA 4500-CL G (DPD Colorimetric Method) |
| ၃၂ | ကြွင်းကျန်သောကလိုရင်းစုစုပေါင်း (Total Residual Chlorine) | APHA 4500-CL G (DPD Colorimetric Method) |
| ၃၃ | ဆာလဖိုဒ် (Sulphide) | HACH 8131 (USEPA Methylene Blue Method) |
| ၃၄ | ဖော်မယ်ဒီဟိုက် (Formaldehyde) | HACH 8110 (MBTH Method) |
| ၃၅ | ဖီနော (Phenols) | USEPA Method 420.1 (Phenolics (Spectrophotometric, Manual 4 AAP With Distillation)) |
| ၃၆ | ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ဘက်တီးရီးယား (Escherichia Coli) | APHA 9221 F (Escherichia Coli Procedure Using Fluorogenic Substrate) |
| ၃၇ | စီးဆင်းနှုန်း (Flow Rate) | Detection of Electromagnetic Elements (Real-time measurement by AEM 213-D Digital Current Meters) |

မူရင်း။ မြန်မာနိုင်ငံအင်တာနေရှင်နယ်လီမိတက်

## ၂.၄ စောင့်ကြည့်လေ့လာသည့်ကာလ

ရေအရည်အသွေးနှင့် ရေစီးဆင်းမှုနှုန်း စောင့်ကြည့်လေ့လာမှုအား ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး ဒီရေအတက်အကျကြောင့် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများကိုရှောင်ရှားနိုင်ရန် အောက်ပါ ဇယား ၂.၄-၁ အတိုင်း ရေနမူနာရယူခဲ့သည်။ မြန်မာနိုင်ငံ၊ ရန်ကုန်မြစ်၏ ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ် အတွက်ဒီရေ မှတ်တမ်းကို ဇယား ၂.၄-၂ တွင်ဖော်ပြထားပါသည်။

**ဇယား ၂.၄-၁ နေရာတစ်ခုချင်းစီအတွက် နမူနာရယူသည့်အချိန်**

| စဉ် | ရေနမူနာရယူသည့်နေရာ | ရေနမူနာရယူသည့်အချိန် |
|---|---|---|
| ၁ | မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) | ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ် (၁၂ နာရီ : ၁၅ မိနစ်) |
| ၂ | မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) | ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ် (၁၄ နာရီ : ၀၃ မိနစ်) |
| ၃ | မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) | ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ် (၀၉ နာရီ : ၄၅ မိနစ်) |
| ၄ | မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) | ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ် (၀၉ နာရီ : ၀၄ မိနစ်) |

မှရင်း။ မြန်မာနိုင်ငံအင်တာနေရှင်နယ်လီမိတက်

**ဇယား ၂.၄-၂ မြန်မာနိုင်ငံ၊ ရန်ကုန်မြစ်၏ ဒီရေမှတ်တမ်း**

| ရက်စွဲ | အချိန် | အမြင့် | ဒီရေအခြေအနေ |
|---|---|---|---|
| ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ် | ၀၃:၅၉ | ၁.၇၃ | ဒီရေအတက် |
| | ၀၉:၃၂ | ၄.၃၃ | ဒီရေအကျ |
| | ၁၆:၄၂ | ၁.၃၈ | ဒီရေအတက် |
| | ၂၂:၂၆ | ၄.၄၇ | ဒီရေအကျ |

မှရင်း။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ၂၀၂၃ ခုနှစ်အတွက် ရန်ကုန်မြစ်၏ ဒီရေမှတ်တမ်း

## ၂.၅ စောင့်ကြည့်လေ့လာမှုရလဒ်များ

စွန့်ထုတ်ရေထွက်ပေါက်၊ စွန့်ထုတ်ရေရောက်ရှိသောချောင်းနှင့် ရည်ညွှန်းရေတွင်းရှိ ရေအရည်အသွေး စောင့်ကြည့်လေ့လာမှုရလဒ်များကို ဇယား ၂.၅-၁ တွင် ဖော်ပြထားသည်။ ဓာတ်ခွဲခန်းဆန်းစစ်မှု ရလဒ်များကို နောက်ဆက်တွဲ-၂ တွင် ဖော်ပြထားသည်။ ရလဒ်များကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီအရင်ခံစာတွင် ပါရှိသည့် ရေအရည်အသွေး ရည်မှန်းတန်ဖိုးများနှင့် နှိုင်းယှဉ်ထားပါသည်။

### ၂.၅.၁ စွန့်ထုတ်ရေထွက်ပေါက်နှင့် စွန့်ထုတ်ရေရောက်ရှိသောချောင်းတွင်းရှိရလဒ်များ

ရည်မှန်းတန်ဖိုးနှင့်နှိုင်းယှဉ်ရာတွင် ချဉ်ဖန်ကိန်း၊ ဆိုင်းကြွအနယ်များ၊ ကိုလီဖောင်းစုစုပေါင်း နှင့် သံဓာတ် စသည်တို့သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်းတွေ့ရသည်။

(၁) <u>စွန့်ထုတ်ရေထွက်ပေါက်ရှိ ရေအရည်အသွေးရလဒ်များ</u>

ဆိုင်းကြွအနည်များ၏ ရလဒ်များအနေဖြင့် ချောင်းတွင်းသို့ မစွန့်ထုတ်ခင် ဇုန်အပိုင်း(ခ)၏ အဓိကစွန့်ထုတ် ရေထွက်ပေါက်ဖြစ်သော မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ရှိ ရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ ဇုန်အပိုင်း(ခ)ရှိ မြေလွတ်များမှ မြေမျက်နှာပြင် စီးဆင်းရေများ ကြောင့် ဖြစ်နိုင်ပါသည်။

ကိုလီဖောင်းစုစုပေါင်း ရလဒ်အနေဖြင့် ချောင်းတွင်းသို့ မစွန့်ထုတ်ခင် ဇုန်အပိုင်း(ခ)၏ အဓိက စွန့်ထုတ်ရေထွက်ပေါက်ဖြစ်သော မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ရှိ ရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်း နှင့် ရေနေသတ္တဝါများကျင်လည် ကျက်စားခြင်းကြောင့် ဇုန်အပိုင်း(ခ) အတွင်းရှိနေရာများတွင် အထာဝမှ

MJTD

ဘက်တီးရီးယားများပါဝင်ပြီး အထူးသဖြင့် တိရစ္ဆာန်များမှထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်မှ အညစ်အကြေးများသည် ရေထိန်းကန်ထဲသို့စီးဝင်စေပြီး၊ ၎င်းစီးဆင်းရေများတွင်ပါဝင်သော တိရစ္ဆာန်များ၏စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

ကိုလီဖောင်းစုစုပေါင်း၏ ဖြစ်တည်မှုတွင် သဘာဝမှဘက်တီးရီးယားများပါဝင်ပြီး ကိုလီဖောင်းစုစုပေါင်းသည် လူတို့၏ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်မှု မရှိသော်ငြားလည်း ကိုလီဖောင်း ဘက်တီးရီးယား အမျိုးအစားထဲမှ ကျန်းမာရေးအပေါ် သက်ရောက်မှု ရှိ/မရှိသိစေရန် တစ်နည်းအားဖြင့် ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား အမျိုးအစားတစ်မျိုး (E Coli) အား ခေတ်ခွဲစမ်းသပ်လေ့လာခဲ့ပါသည်။ ဤဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E Coli )ရလဒ်အရ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ၏ တန်ဖိုးသည် ရည်မှန်းတန်ဖိုးအောက် နည်းပါးကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) တွင် ကိုလီဖောင်းစုစုပေါင်းသည် ရည်မှန်းတန်ဖိုးထက် များနေသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။

သံဓာတ်ရလဒ်အနေဖြင့် ချောင်းတွင်းသို့ မစွန့်ထုတ်ခင် ဇုန်အပိုင်း(ခ)၏ အဓိကစွန့်ထုတ်ရေထွက်ပေါက် ဖြစ်သော မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ရှိ ရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ ဖြစ်နိုင်သောအကြောင်းအရာများမှာ သဘာဝ မြေဆီလွှာမှ သံဓာတ် အရင်းအမြစ် လွှမ်းမိုးမှု (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှ ထွက်လာနိုင်ပါသည်) ကြောင့်ဖြစ်နိုင်ပါသည်။ ရန်ကုန်မြို့၏မြေဆီလွှာသည် သဘာဝအားဖြင့်သံဓာတ်ကြွယ်ဝပြီး သံဓာတ်သည် သဘာဝပတ်ဝန်းကျင်တွင် အချိန်ကြာမြင့်စွာ တည်ရှိနေပါသည်။ ဇုန်အပိုင်း(ခ)၏ အဓိက စွန့်ထုတ်ရေထွက်ပေါက်ဖြစ်သော မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ရှိ ရလဒ်များ နှင့် စောင့်ကြည့်လေ့လာသည့်ရည်ညွှန်းအမှတ်များ၏ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့ရှိ ရလဒ်များအား ဇယား ၂.၅-၁ တွင် ဖော်ပြထားပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့နှင့် ပတ်သတ်၍ ဆိုင်းကြွအနည်၏ ရလဒ်များမှာ ၇၀ mg/l နှင့် ၁၁၄ mg/l တို့ ရှိကြပြီး သံဓာတ်၏ ရလဒ်များမှာ ၅.၅၀၀ mg/l နှင့် ၆.၈၀၀ mg/l တို့ အသီးသီး ရှိကြပါသည်။ ဆိုင်းကြွအနည်များ၏ ရလဒ်နည်းလျှင် သံဓာတ်တည်ရှိမှုနည်းပါးပြီး ဆိုင်းကြွအနည်များ၏ ရလဒ်များလျှင် သံဓာတ်တည်ရှိမှုမြင့်မားကြောင်း သိသာထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

(၂) <u>မြန်မာဂျပန်သီလဝါဖွံ့ဖြိုးရေးလီမိတက်၏ ထပ်မံစောင့်ကြည့်လေ့လာမှု</u>

ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ်တွင် တိုင်းတာခဲ့သော ရေအရည်အသွေး စောင့်ကြည့်လေ့လာမှုရလဒ်များအရ သံဓာတ်ရလဒ်သည် မြေပေါ်ရေနမူနာယူသည့် နေရာ ၇ (SW-7)တွင် ကျော်လွန်နေသည်ကို တွေ့ရပါသည်။ ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ် စောင့်ကြည့်လေ့လာမှုအတွက် သံဓာတ်ရလဒ်အား လက်ခံရရှိပြီးသည့်နောက် သံဓာတ်၏ရလဒ်များ ပိုမိုတိကျသိရှိရန် ရေအရည်အသွေး စောင့်ကြည့်လေ့လာမှုကို မြန်မာဂျပန်သီလဝါဖွံ့ဖြိုးရေးလီမိတက်မှ ဇန်နဝါရီလ ၉ ရက်နေ့ ၂၀၂၄ ခုနှစ်တွင် တူညီသောနေရာ၌ ရေနမူနာကောက်ယူ၍ ထပ်မံဆောင်ရွက်ခဲ့ပါသည်။ ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ်၏ ရလဒ်များကို ထပ်မံတိုင်းတာခဲ့သော ရလဒ်နှင့် နှိုင်းယှဉ်ရာတွင် ထပ်မံရရှိသော သံဓာတ်ရလဒ်မှာ နည်းနေသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ရည်မှန်းတန်ဖိုးနှင့်နှိုင်းယှဉ်ရာတွင် ထပ်မံတိုင်းတာခဲ့သော ရလဒ်သည်ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ကျော်လွန်ရခြင်းမှာ ဇုန်အပိုင်း(ခ)၏ စက်ရုံလုပ်ငန်း သုံးခုမှ ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်း နှင့် ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်လာသော သံဓာတ်များသည် ရေထိန်းကန်အတွင်းသို့ စီးဝင်မှုများကြောင့်

သံဓာတ်ရလဒ်များ ကျော်လွန်နေခြင်း ဖြစ်နိုင်ပါသည်။ ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ်တွင် တိုင်းတာခဲ့သော သံဓာတ်ရလဒ်သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေခြင်းမှာ အထက်တွင်ရှင်းပြခဲ့သည့် အကြောင်းပြချက်ကြောင့် ဖြစ်ပါသည်။ ယခင် စောင့်ကြည့်လေ့လာမှု ကာလရလဒ်များသည် မြေပေါ်ရေနမူနာယူသည့် နေရာ-၇ တွင် ရည်မှန်းတန်ဖိုးအတွင်းတွင် ရှိပါသည်။

**စောင့်ကြည့်လေ့လာသည့်ရည်ညွှန်းအမှတ်များ၏ရေအရည်အသွေးရလဒ်များ(စွန့်ထုတ်ရေရောက်ရှိသောချောင်း)**

ချွဲဖန်ကိန်းတန်ဖိုးရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4) တွင် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသည်မှာ သီလဝါအထူးစီးပွားရေးဇုန် ပြင်ပရှိပြည်တွင်းစက်မှုဇုန်မှ ဆပ်ပြာနှင့်ဆပ်ပြာ အခြေခံထုတ်ကုန်များ ပါဝင်သည့် စွန့်ပစ်ရေများ စွန့်ထုတ်လိုက်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

ဆိုင်းကြွအနည် ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသည်။ ဖြစ်နိုင်သောအဓိက အကြောင်းအရာများမှာ (၁) သဘာဝအလျောက် ချောင်းအထက်ပိုင်းမှ စီးဆင်းလာခြင်းနှင့် သီလဝါအထူးစီးပွားရေးဇုန် ပြင်ပရှိ ပြည်တွင်းစက်မှုဇုန်မှ စွန့်ထုတ်လိုက်သော ရေများကြောင့်လည်းကောင်း၊ (၂) ရွှေပျောက်ချောင်းတလျှောက် ချောင်းအောက်ဘက်ရှိ ရေများသည် ဒီရေအတက်အကျကြောင့် အထက်သို့ ပြန်လည်စီးဝင်လာခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

ကိုလီဖောင်းစုစုပေါင်း ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့ရှိ ရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသည်။ ဖြစ်နိုင်သောအဓိက အကြောင်းအရာများမှာ (၁) အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်းနှင့် ရေနေသတ္တဝါများ ကျင်လည်ကျက်စားခြင်း၊ အထူးသဖြင့် တိရစ္ဆာန်များမှ ထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ (၂) အနီးပတ်ဝန်းကျင်မှ အညစ်အကြေးများသည် ရွှေပျောက်ချောင်းသို့ စီးဆင်းပြီး ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေနိုင်ခြင်းကြောင့် လည်းကောင်း၊ ၃) ဒီရေတက်ချိန်တွင် ရွှေပျောက်ချောင်းတလျှောက် တိုးဝင်လာသောဒီရေများတွင် ပါရှိလာနိုင်သောအညစ်အကြေးများကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

သံဓာတ်ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသည်။ ဖြစ်နိုင်သောအဓိက အကြောင်းအရာများမှာ သဘာဝ သံဓာတ် အရင်းအမြစ်၏ လွှမ်းမိုးမှု ကြောင့် ဖြစ်နိုင်ပါသည် (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှ ထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန် ၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသော မြေဆီလွှာ(ဂဝံမြေ)ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။

## ဇယား ၂.၅-၁ စွန့်ထုတ်ရေထွက်ပေါက်နှင့်စွန့်ထုတ်ရေရောက်ရှိသော ချောင်းမှရေအရည်အသွေး စောင့်ကြည့်လေ့လာမှုရလဒ်များ

| နမူနာကောက်ယူသည့် ရက်စွဲ | | | ၅-၁၂-၂၀၂၃ | ၅-၁၂-၂၀၂၃ | ၅-၁၂-၂၀၂၃ | ၉-၁-၂၀၂၄ | ရည်မှန်းတန်ဖိုး (ကိုယ်တိုင်စောင့်ကြည့်လေ့လာခြင်း အတွက် ရည်ညွှန်းတန်ဖိုး) |
|---|---|---|---|---|---|---|---|
| စဉ် | ရေအရည်အသွေးတိုင်းတာသည့် အချက်အလက်များ (parameters) | ယူနစ် | ပုံမှန် စောင့်ကြည့်လေ့လာခြင်း *၁ | ပုံမှန် စောင့်ကြည့်လေ့လာခြင်း *၁ | ပုံမှန် စောင့်ကြည့်လေ့လာခြင်း *၁ | ထပ်တိုး စောင့်ကြည့်လေ့လာခြင်း *၁ | |
| | | | မြေပေါ်ရေနမူနာယူသည့်နေရာ-၂ (SW-2) | မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4) | မြေပေါ်ရေနမူနာယူသည့်နေရာ-၇ (SW-7) | မြေပေါ်ရေနမူနာယူသည့်နေရာ-၇ (SW-7) | |
| ၁ | ရေအပူချိန် (Water Temperature) | °C | ၂၉ | ၃၀ | ၂၈ | - | < ၃၅ |
| ၂ | ချဉ်ငန်ကိန်း (pH) | - | ၇.၅ | ၁၀.၈ | ၇.၉ | - | ၆-၉ |
| ၃ | ပျော်ဝင်အောက်ဆီဂျင် (Dissolved Oxygen) | mg/l | ၃.၅၇ | ၈.၈၅ | ၄.၆၈ | - | - |
| ၄ | ဆိုင်းငံ့အနယ် (Suspended Solid) | mg/l | ၅၈ | ၁၀၄ | ၃၆၆ | - | ၅၀ |
| ၅ | ဇီဝနည်းဖြင့်ပြိုခွဲရန် အောက်ဆီဂျင် လိုအပ်ချက် (၅ ရက်) ($BOD_{5}$) | mg/l | ၁၇.၆၇ | ၁၁.၆၉ | ၈.၄၇ | - | ၃၀ |
| ၆ | ဓာတုနည်းဖြင့် ပြိုခွဲရန် အောက်ဆီဂျင် လိုအပ်ချက် ($COD_{Cr}$) | mg/l | ၅၀.၀ | ၃၀.၀ | ၁၉.၄ | - | ၁၂၅ |
| ၇ | ကိုလီဖောင်း စုစုပေါင်း (Total Coliform) | MPN/100ml | ၁၆၀၀၀၀ | ၂၄၀၀၀.၀ | > ၁၆၀၀၀၀ | - | ၄၀၀ |
| ၈ | ဆီနှင့် အမဲဆီ (Oil and Grease) | mg/l | < ၃.၁ | < ၃.၁ | < ၃.၁ | - | ၁၀ |
| ၉ | နိုက်ထရိုဂျင် စုစုပေါင်း (Total Nitrogen) | mg/l | ၂.၉ | ၃.၈ | ၃.၅ | - | ၈၀ |
| ၁၀ | ဖော့စဖောရက် စုစုပေါင်း (Total Phosphorus) | mg/l | ၀.၃၃ | ၀.၃၈ | ၀.၇၈ | - | ၂ |
| ၁၁ | အရောင် (Color) | TCU (True Color Unit) | ၃၆.၀၃ | ၁၀.၈၀ | ၁၀.၀၄ | - | ၁၅၀ |
| ၁၂ | အနံ့ (Odor) | TON (Threshold Odor Number) | ၁ | ၃ | ၁.၄ | - | - |
| ၁၃ | အမိုးနီးယား (Ammonia) | mg/l | ၁.၀၅ | ၀.၁၀ | ၀.၇၄ | - | ၁၀ |
| ၁၄ | ပျော်ဝင်အနည် စုစုပေါင်း (Total Dissolved Solids) | mg/l | ၃၆၆ | ၃၀၂ | ၃၄၄ | - | ၂၀၀၀ |
| ၁၅ | ပြဒါးဓာတ် (Mercury) | mg/l | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | - | ၀.၀၀၅ |
| ၁၆ | သွပ် (Zinc) | mg/l | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | - | ၂ |
| ၁၇ | အာဆင်းနစ် (Arsenic) | mg/l | ≤ ၀.၀၁၀ | ≤ ၀.၀၁၀ | ≤ ၀.၀၁၀ | - | ၀.၁ |
| ၁၈ | ခရိုမီယမ် (Chromium) | mg/l | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | - | ၀.၅ |
| ၁၉ | ကက်ဒမီယမ် (Cadmium) | mg/l | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | - | ၀.၀၃ |
| ၂၀ | ဆယ်လီနီယမ် (Selenium) | mg/l | ≤ ၀.၀၁၀ | ≤ ၀.၀၁၀ | ≤ ၀.၀၁၀ | - | ၀.၀၂ |
| ၂၁ | ခဲ (Lead) | mg/l | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | - | ၀.၁ |

| နမူနာကောက်ယူသည့် ရက်စွဲ | | | ၅-၁၂-၂၀၂၃ | ၅-၁၂-၂၀၂၃ | ၅-၁၂-၂၀၂၃ | ၉-၁-၂၀၂၄ | ရည်မှန်းတန်ဖိုး (ကိုယ်တိုင်စောင့်ကြည့်လေ့လာခြင်း အတွက် ရည်ညွှန်းတန်ဖိုး) |
|---|---|---|---|---|---|---|---|
| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အချိုးအစားများ (parameters) | ယူနစ် | ပုံမှန် စောင့်ကြည့် လေ့လာခြင်း *၁ | ပုံမှန် စောင့်ကြည့် လေ့လာခြင်း *၁ | ပုံမှန် စောင့်ကြည့် လေ့လာခြင်း *၁ | ထပ်တိုး စောင့်ကြည့် လေ့လာခြင်း *၁ | |
| | | | မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) | မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) | မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) | မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) | |
| ၂၂ | ကြေးနီ (Copper) | mg/l | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | - | ၀.၅ |
| ၂၃ | ဘေရီယမ် (Barium) | mg/l | ၀.၁၈၆ | ၀.၂၈၀ | ၀.၁၆၈ | - | ၁ |
| ၂၄ | နီကယ် (Nickel) | mg/l | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | - | ၀.၂ |
| ၂၅ | ငွေ (Silver) | mg/l | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | ≤ ၀.၀၀၂ | - | ၀.၅ |
| ၂၆ | သံဓာတ် (Iron) | mg/l | ၅.၅၉၀ | ၆.၈၈၀ | ၃၁.၆၈၀ | ၁၂.၀၉၀ | ၃.၅ |
| ၂၇ | ဆိုင်ယာနိုဒ် (Cyanide) | mg/l | < ၀.၀၀၂ | < ၀.၀၀၂ | < ၀.၀၀၂ | - | ၀.၁ |
| ၂၈ | ဆိုင်ယာနိုဒ်စုစုပေါင်း (Total Cyanide) | mg/l | ၀.၀၀၃ | ၀.၀၀၂ | < ၀.၀၀၂ | - | ၁ |
| ၂၉ | ခရိုမီယမ် (Chromium Hexavalent) | mg/l | < ၀.၀၅ | < ၀.၀၅ | < ၀.၀၅ | - | ၀.၁ |
| ၃၀ | ဖလူအိုရိုက် (Fluoride) | mg/l | ၀.၁၈၅ | ၁.၃၉၅ | ၁.၀၀၀ | - | ၂၀ |
| ၃၁ | ဖရီးကလိုရင်း (Free Chlorine) | mg/l | < ၀.၁ | < ၀.၁ | < ၀.၁ | - | ၁ |
| ၃၂ | ကြွင်းကျန်သော ကလိုရင်း စုစုပေါင်း (Total Residual Chlorine) | mg/l | < ၀.၁ | < ၀.၁ | < ၀.၁ | - | ၀.၂ |
| ၃၃ | ဆာလဖိုက် (Sulphide) | mg/l | ၀.၁၂၄ | ၀.၁၂၆ | ၀.၄၃၅ | - | ၁ |
| ၃၄ | ဖော်မယ်ဒီဟိုက် (Formaldehyde) | mg/l | ၀.၀၃၄ | ၀.၀၉၄ | ၀.၃၃၆ | - | ၁ |
| ၃၅ | ဖီနော (Phenols) | mg/l | ၀.၀၁၀ | ၀.၀၂၇ | ၀.၀၀၅ | - | ၀.၅ |
| ၃၆ | ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား (Escherichia Coli) | MPN/100ml | - | - | ၆.၈ | - | (၁၀၀၀)** (CFU/၁၀၀ml) |
| ၃၇ | စီးဆင်းနှုန်း (Flow Rate) | m³/s | ၀.၀၀၃ | ၂.၂၅ | - | - | - |

မှတ်ချက်။ အနီရောင်ဖြင့်ဖော်ပြထားသောတန်ဖိုးများသည်သတ်မှတ်ထားသည့်တန်ဖိုးများထက်ကျော်လွန်နေသည်ကိုဆိုလိုပါသည်။

မှတ်ချက်။ *၁ ပုံမှန်ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာအတိုင်း ဆောင်ရွက်ခဲ့ပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီရင်ခံစာမှဆောင်ရွက်ချက်အပြင် ဇန်နဝါရီလ ၉ ရက်နေ့ ၂၀၂၄ ခုနှစ်တွင် ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုကို ထပ်မံ၍ ဆောင်ရွက်ခဲ့ပါသည်။ ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ်တွင် တိုင်းတာခဲ့သော ရေအရည်အသွေး စောင့်ကြည့်လေ့လာမှုရလဒ်များသည် မြေပေါ်ရေနမူနာယူသည့် နေရာ ၇ (SW-7) တွင် ရည်မှန်းတန်ဖိုးထက်ကျော်လွန် နေသည်ကို တွေ့ရပါသည်။ ဒီဇင်ဘာလ ၅ ရက်နေ့ ၂၀၂၃ ခုနှစ်တွင် တိုင်းတာခဲ့သော ရေအရည်အသွေးရလဒ်နှင့် ဇန်နဝါရီလ ၉ ရက်နေ့ ၂၀၂၄ ခုနှစ်တွင် တိုင်းတာခဲ့သော ရေအရည်အသွေးရလဒ်ကို နှိုင်းယှဉ်ရာတွင် နောက်ထပ်တိုင်းတာခဲ့သော ရလဒ်သည် ယခင်တိုင်းတာခဲ့သော ရလဒ်အောက်ရှိကြောင်း တွေ့မြင်နိုင်ပါသည်။

**မှတ်ချက်။ စွန့်ထုတ်ရေများနှင့်ထုတ်လွှတ်သောအရာများ၏ အသုံးပြုမှုပေါ်မူတည်၍ ဂျပန်နိုင်ငံ၏ ချို့ယွင်းချက်စံနှုန်း (ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၊ ၁၉၉၃)ကို ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E.coli)၏ ရည်မှန်းတန်ဖိုးအဖြစ်သတ်မှတ်ထားပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ဓာတ်ခွဲခန်းများ၏ လုပ်ဆောင်နိုင်စွမ်း ကန့်သတ်ချက်များကြောင့် စီအက်ဖ်ယူတန်ဖိုး "Colony Forming Unit (CFU)" အစား တိုင်းတာချိန်မရပါ သို့ကြောင့် အမ်ပီအန် "Most Probable Number (MPN)" ရလဒ်များကို စီအက်ဖ်ယူတန်ဖိုးနှင့် တူညီသည်ဟုယူဆပြီး ရည်မှန်းတန်ဖိုးနှင့် နှိုင်းယှဉ်ပါသည်။ မြန်မာနိုင်ငံတွင် စီအက်ဖ်ယူတန်ဖိုးကို သုံးသပ်နိုင်သည်နှင့် တစ်ပြိုင်နက် သုံးသပ်သည့်နည်းလမ်းများ ပြောင်းလဲမည်ဖြစ်သည်။

မူရင်း။ မြန်မာနိုပ်ပွန်ဆင်တာဒနနစ်ရှင်းနယ်လီမိတက်

## ၂.၅.၂ ရည်ညွှန်းရေတွင်း၏ ရလဒ်

ရည်ညွှန်းရေတွင်းစောင့်ကြည့်လေ့လာသောနေရာ၌ ရေအရည်အသွေး စောင့်ကြည့်လေ့လာမှု ရလဒ်များကို ဇယား ၂.၅-၂ တွင်ဖော်ပြထားသည်။ ရည်မှန်းတန်ဖိုးနှင့် နှိုင်းယှဉ်ရာတွင် သံဓာတ်သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရသည်။

သံဓာတ်ရလဒ်အနေဖြင့် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) သည် ရည်မှန်းတန်ဖိုးထက် အနည်းငယ် ကျော်လွန်နေပါသည်။ ဧပြီလ၊ ၂၀၁၉ ခုနှစ်ကတည်းက မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) ၏ ယခင် စောင့်ကြည့်လေ့လာမှုရလဒ်များနှင့် နှိုင်းယှဉ်သောအခါတွင် သံဓာတ်ရလဒ်များသည် ဧပြီလ၊ ၂၀၂၃ခုနှစ်တွင် ၀.၁၀၈ မီလီဂရမ်/လီတာ မှ ဒီဇင်ဘာလ၊ ၂၀၂၃ခုနှစ် တွင် ၁၄.၁၀၀ မီလီဂရမ်/လီတာ အတွင်းရှိပါသည်။ ဩဂုတ်လ ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ နှင့် ဧပြီလ၊ ၂၀၂၂ခုနှစ် နှင့် ဧပြီလ၊ ၂၀၂၃ခုနှစ် တို့၏ သံဓာတ်ပါဝင်မှုရလဒ်မှလွဲ၍ သံဓာတ်ပါဝင်မှုရလဒ် အများစု (ဧပြီလ၊ ၂၀၁၉ခုနှစ် မှ ဒီဇင်ဘာလ၊ ၂၀၂၃ခုနှစ်အထိ)သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရသည်။ ထို့ကြောင့် ဖြစ်နိုင်ချေရှိသော အကြောင်းအရာများမှာ သဘာဝမြေဆီလွှာမှ သံဓာတ် အရင်းအမြစ် လွှမ်းမိုးမှု ကြောင့်ဖြစ်နိုင်ပါသည် (သံဓာတ်သည်ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှ ထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါ အထူးစီးပွားရေးဇုန်၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသောမြေဆီလွှာ (ဂဝံမြေ)ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများကြောင့် ၎င်းသံဓာတ်များသည် မြေအောက်ရေအောင်းလွှာအတွင်းသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။

**ဇယား ၂.၅-၂ ရည်ညွှန်းရေတွင်း၏ ရေအရည်အသွေးစောင့်ကြည့်တန်ဖိုးရလဒ်**

| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အချိုးအစားများ (Parameters) | ယူနစ် | မြေအောက်ရေ နမူနာယူသည့် နေရာ-၂ (GW-2) | ရည်မှန်းတန်ဖိုး (ကိုယ်တိုင် စောင့်ကြည့်လေ့လာခြင်းအတွက် ရည်ညွှန်းတန်ဖိုး) |
|---|---|---|---|---|
| ၁ | ရေအပူချိန် (Water Temperature) | °C | ၂၆ | ≤ ၃၅ |
| ၂ | ချဉ်ငန်ကိန်း(pH) | - | ၆.၄ | ၆ - ၉ |
| ၃ | ပျော်ဝင်အောက်ဆီဂျင် (Dissolved Oxygen) | mg/l | ၆.၀၈ | - |
| ၄ | ဆိုင်းကြွအနယ် (Suspended Solid) | mg/l | ၂ | ၅၀ |
| ၅ | ဇီဝနည်းဖြင့်ပြိုခွဲရန် အောက်ဆီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{5d}$) | mg/l | ၇.၆၈ | ၃၀ |
| ၆ | ဓာတုနည်းဖြင့် ပြိုခွဲရန် အောက်ဆီဂျင် လိုအပ်ချက် ($COD_{Cr}$) | mg/l | < ၀.၇ | ၁၂၅ |
| ၇ | ကိုလီဖောင်းစုစုပေါင်း (Total Coliform) | MPN/ 100ml | ၁၄၀.၀ | ၄၀၀ |
| ၈ | ဆီနှင့် အမဲဆီ (Oil and Grease) | mg/l | < ၃.၁ | ၁၀ |
| ၉ | နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen) | mg/l | < ၀.၅ | ၈၀ |
| ၁၀ | ဖော့စဖောရက်စုစုပေါင်း (Total Phosphorus) | mg/l | ၀.၆၅ | ၂ |
| ၁၁ | အရောင် (Color) | TCU (True Color Unit) | ၇၄.၅၅ | ၁၅၀ |
| ၁၂ | အနံ့ (Odor) | TON (Threshold Odor Number) | ၁ | - |

| စဉ် | ရေအရည်အသွေး တိုင်းတာသည့် အချိန်အစားများ (Parameters) | ယူနစ် | မြေအောက်ရေ နမူနာယူသည့် နေရာ-၂ (GW-2) | ရည်မှန်းတန်ဖိုး (ကိုယ်တိုင် စောင့်ကြည့်လေ့လာ ခြင်းအတွက် ရည်ညွှန်းတန်ဖိုး) |
|---|---|---|---|---|
| ၁၃ | အမိုးနီးယား (Ammonia) | mg/l | ၀.၂၀ | ၁၀ |
| ၁၄ | ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids) | mg/l | ၂၀၀ | ၂၀၀၀ |
| ၁၅ | ပြဒါးဓာတ် (Mercury) | mg/l | ≤ ၀.၀၀၂ | ၀.၀၀၅ |
| ၁၆ | သွပ် (Zinc) | mg/l | ≤ ၀.၀၀၂ | ၂ |
| ၁၇ | အာဆင်းနစ် (Arsenic) | mg/l | ≤ ၀.၀၁၀ | ၀.၁ |
| ၁၈ | ခရိုမီယမ် (Chromium) | mg/l | ≤ ၀.၀၀၂ | ၀.၅ |
| ၁၉ | ကက်ဒမီယမ် (Cadmium) | mg/l | ≤ ၀.၀၀၂ | ၀.၀၃ |
| ၂၀ | ဆယ်လီနီယမ် (Selenium) | mg/l | ≤ ၀.၀၁၀ | ၀.၀၂ |
| ၂၁ | ခဲ (Lead) | mg/l | ≤ ၀.၀၀၂ | ၀.၁ |
| ၂၂ | ကြေးနီ (Copper) | mg/l | ≤ ၀.၀၀၂ | ၀.၅ |
| ၂၃ | ဘေရီယမ် (Barium) | mg/l | ၀.၁၀၀ | ၁ |
| ၂၄ | နီကယ် (Nickel) | mg/l | ≤ ၀.၀၀၂ | ၀.၂ |
| ၂၅ | ငွေ (Silver) | mg/l | ≤ ၀.၀၀၂ | ၀.၅ |
| ၂၆ | သံဓာတ် (Iron) | mg/l | ၁၄.၁၀၀ | ၃.၅ |
| ၂၇ | ဆိုင်ယာနိုက် (Cyanide) | mg/l | < ၀.၀၀၂ | ၀.၁ |
| ၂၈ | ဆိုင်ယာနိုက်စုစုပေါင်း (Total Cyanide) | mg/l | < ၀.၀၀၂ | ၁ |
| ၂၉ | ခရိုမီယမ် (Chromium Hexavalent) | mg/l | < ၀.၀၅ | ၀.၁ |
| ၃၀ | ဖလူအိုရိုက် (Fluoride) | mg/l | ၀.၂၂၇ | ၂၀ |
| ၃၁ | ဖရီးကလိုရင်း (Free Chlorine) | mg/l | < ၀.၁ | ၁ |
| ၃၂ | ကြွင်းကျန်သောကလိုရင်းစုစုပေါင်း (Total Residual Chlorine) | mg/l | < ၀.၁ | ၀.၂ |
| ၃၃ | ဆာလဖိုက် (Sulphide) | mg/l | < ၀.၀၀၅ | ၁ |
| ၃၄ | ဖော်မယ်ဒီဟိုက် (Formaldehyde) | mg/l | < ၀.၀၀၃ | ၁ |
| ၃၅ | ဖီနော (Phenols) | mg/l | < ၀.၀၀၂ | ၀.၅ |
| ၃၆ | ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (Escherichia Coli) | MPN/100ml | < ၁.၈ | (၁၀၀)* (MPN/100ml) |
| ၃၇ | စီးဆင်းနှုန်း (Flow Rate) | $m^3/s$ | - | - |

မှတ်ချက်။ အနီရောင်ဖြင့်ဖော်ပြထားသောတန်ဖိုးများသည်သတ်မှတ်ထားသည့်တန်ဖိုးများထက်ကျော်လွန်နေသည်ကိုဆိုလိုပါသည်။

*မှတ်ချက်။ မြေအောက်ရေစောင့်ကြည့်လေ့လာသောနေရာတွင် ရေအသုံးပြုမှုပေါ်မူတည်၍ ဗီယက်နမ်နိုင်ငံ၏ မြေအောက်ရေအရည်အသွေးဆိုင်ရာ အမျိုးသားနည်းပညာစည်းမျဉ်းဥပဒေ B1 (ဆည်မြောင်းရေ) (No. QCVN08: 2008/BTNMT) ကိုမြေအောက်ရေကိုယ်တိုင် စောင့်ကြည့်လေ့လာခြင်းအတွက် ရည်မှန်းတန်ဖိုးအဖြစ်သတ်မှတ်ပါသည်။

မူရင်း၊ မြန်မာ့ဂျပန်အင်တာနေရှင်နယ်လီမိတက်

**၂.၅.၃ ယခင်စောင့်ကြည့်လေ့လာမှုရလဒ်များ နှင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ တွင် စောင့်ကြည့်လေ့လာမှုရလဒ်များ ၏ ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသော ရေ အရည်အသွေးများ နှိုင်းယှဉ်ခြင်း**

ယခု စောင့်ကြည့်လေ့လာနေစဉ်ကာလ (ဒီဇင်ဘာ ၂၀၂၃) အတွင်း ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသော ရေ အရည်အသွေးများအား ခြုံငုံသုံးသပ်ကြည့်ရန်အတွက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ကတည်းကရရှိသော စောင့်ကြည့်မှုရလဒ်များနှင့် နှိုင်းယှဉ်ထားပါသည်။

စွန့်ထုတ်လိုက်သောနေရာများ၏ ရေအရည်အသွေးရလဒ်များနှင့် ပတ်သက်၍ စောင့်ကြည့်ရာတွင် မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ၏ ဆိုင်းကြွအနယ်ရလဒ်တန်ဖိုးသည် ဒီဇင်ဘာလ ၂၀၂၂ နှင့် ဧပြီလ၊ ဩဂုတ်လ၊ ဒီဇင်ဘာလ ၂၀၂၃ တွင် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေပါသည်။ ထို့အပြင် မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ၏ ကိုလီဖောင်းစုစုပေါင်းရလဒ်တန်ဖိုးသည် ဖေဖော်ဝါရီလ၊ ဇွန်လ၊ ဩဂုတ်လ၊ အောက်တိုဘာလ နှင့် ဒီဇင်ဘာလ ၂၀၂၃ တို့တွင် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ၏ ကိုလီဖောင်းစုစုပေါင်းရလဒ်တန်ဖိုးသည် ၂၃၀၀ MPN/၁၀၀ml မှ စမ်းသပ်နိုင်သောပမာဏ (>၁၆၀၀၀၀ MPN/၁၀၀ml)ထိ ရှိပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ၏ ကိုလီဖောင်းစုစုပေါင်းရလဒ် တန်ဖိုးသည် မိုးရာသီအစ၊ အလယ် နှင့် ဆောင်းရာသီတို့တွင် စမ်းသပ်နိုင်သောပမာဏထိ သိသာထင်ရှားစွာ မြင့်မားနေပြီး စီးဆင်းရေ၏ သက်ရောက်မှုကြောင့် ဖြစ်နိုင်သည်ဟု သုံးသပ်ရပါသည်။ မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) ၏ သံဓာတ်တန်ဖိုးသည် ဒီဇင်ဘာလ ၂၀၂၂ တွင် ရည်မှန်းတန်ဖိုးထက် မြင့်မားနေသကဲ့သို့ ဒီဇင်ဘာလ ၂၀၂၃ တွင်လည်း ရည်မှန်းတန်ဖိုးထက် မြင့်မားနေပါသည်။ ထို့အပြင် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) ၏ သံဓာတ်တန်ဖိုးသည် ဧပြီလ ၂၀၂၃ ၏ ရလဒ်မှလွဲ၍ စစ်တမ်းကောက်ယူထားသော ကျန်လများအားလုံးသည် ရည်မှန်းတန်ဖိုးထက် မြင့်မားနေပါသည်။ မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) ၏ သံဓာတ်တန်ဖိုးသည် မိုးဦးရာသီ နှင့် ဆောင်းရာသီ တလျှောက်လုံးတွင် မြင့်မားနေသည်ကို သိသိသာသာတွေ့မြင်ရ ပါသည်။

အခြားတစ်ဖက်တွင် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ချဉ်ဖန်ကိန်းရလဒ်သည် ဒီဇင်ဘာလ ၂၀၂၃ တွင် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ယခင် စစ်တမ်းကောက်ယူထားသော လများသည် ရည်မှန်းတန်ဖိုးအောက် လျော့နည်းကြောင်း တွေ့ရှိရပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့၏ ဆိုင်းကြွအနည်ရလဒ်သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ ဆိုင်းကြွအနည်ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)တွင် ဒီဇင်ဘာလ ၂၀၂၂၊ ဇွန်လ နှင့် ဒီဇင်ဘာလ ၂၀၂၃ တို့တွင် ၇၀ မှ ၃၇၀ mg/l ထိတန်ဖိုးအပိုင်းအခြား အတွင်းရှိနေပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)၏ ဆိုင်းကြွအနည်ရလဒ်မြင့်မားမှုသည် မိုးရာသီနှင့် ဆောင်းရာသီတွင် တစ်နှစ် နှစ်ကြိမ် စောင့်ကြည့်လေ့လာမှုအရ ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း ထင်ရှားစွာတွေ့ရှိရပါသည်။ ဆိုင်းကြွအနည်ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ၏ ဆိုင်းကြွအနည်ရလဒ်သည် ဧပြီလ ၂၀၂၃ ၏ ရလဒ်မှလွဲ၍ စစ်တမ်းကောက်ယူထားသော ကျန်လများတွင် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေပြီး၊ ၇၈ မှ ၅၀၂ mg/l ထိတန်ဖိုးအပိုင်းအခြား အတွင်းရှိနေပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တွင်ရှိသော ဆိုင်းကြွအနည်ရလဒ်များသည် မိုးရာသီအတွင်း ပတ်ဝန်းကျင်မှရေများ စီးဆင်းမှုကြောင့် မိုးရာသီတလျှောက်လုံးနှင့် ဆောင်းရာသီတွင် ရလဒ်များ မြင့်တက်နေရခြင်းဖြစ်သည်။ သိသာထင်ရှားစွာဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) ၏ ကိုလီဖောင်းစုစုပေါင်းရလဒ်များသည် စောင့်ကြည့်လေ့လာမှုစစ်တမ်း (၇)လအနက် (၆)လသည် (၁၇၀၀မှ >၁၆၀၀၀၀ MPN/100ml အပိုင်းအခြားအတွင်း) ရလဒ်တန်ဖိုးထက် မြင့်နေပြီး မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ၏ ကိုလီဖောင်းစုစုပေါင်းရလဒ်များသည် စောင့်ကြည့်လေ့လာမှု ကာလအားလုံးတွင် (၄၆၀၀ မှ >၁၆၀၀၀၀

MPN/100ml အပိုင်းအခြားအတွင်း) ရည်မှန်းတန်ဖိုးထက် မြင့်မားနေကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့၏ ကိုလီဖောင်းစုစုပေါင်းရလဒ်များသည် ဇွန်လ ၂၀၂၃ တွင် စမ်းသပ်နိုင်သောပမာဏ (>၁၆၀၀၀၀ MPN/100ml) ထိရောက်ရှိခဲ့ပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့၏ သံဓာတ်ရလဒ်များသည် စောင့်ကြည့်လေ့လာမှု ကာလ လေးကြိမ်မှ ငါးကြိမ်ထိတိုင် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) ၏ သံဓာတ်တန်ဖိုးသည် မိုးရာသီနှင့် ဆောင်းရာသီ အတွင်းတွင် သိသာထင်ရှားစွာ မြင့်တက်နေသည်ကိုတွေ့ရှိရပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ၏ သံဓာတ်တန်ဖိုးသည် စောင့်ကြည့်လေ့လာနေသော ကာလ(၅)လ (ဒီဇင်ဘာလ ၂၀၂၂ နှင့် ဇွန်လ၊ ဩဂုတ်လ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလ ၂၀၂၃) တွင် မြင့်မားနေပြီး သံဓာတ်တန်ဖိုး အပိုင်းအခြားသည် ၆.၈၈ မှ ၂၂.၆၂၆ mg/l အတွင်းရှိပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ၏ သံဓာတ်တန်ဖိုးမြင့်မားမှုသည် မိုးရာသီ တလျှောက်လုံးမှ ဆောင်းရာသီအစတိုင်အောင် ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ ယခုလက်ရှိ ရေအရည်အသွေးများ၏ ရလဒ်များအခြေအနေသည် သီလဝါအထူးစီးပွားရေးဇုန် ယခင်နှင့်ယခုလက်ရှိကာလ လည်ပတ်မှု၏ ပတ်ဝန်းကျင်အခြေအနေများကို ထင်ဟပ်နေသည်ဟု ဆိုနိုင်ပါသည်။

ရည်မှန်းတန်ဖိုးထက်ကျော်လွန်နေသည့် သက်ဆိုင်ရာရေအရည်အသွေးအမျိုးအစားများအတွက် ဖြစ်နိုင်သော အကြောင်းပြချက်များအား ဤ အစီရင်ခံစာ၏ အရှေ့ပိုင်းရှင်းလင်းချက်တွင် ဖော်ပြထားပါသည်။

# အခန်း ၃ နိဂုံးချုပ် နှင့် အကြံပြုချက်များ

အခန်း ၂ (အပိုင်း ၂.၅) တွင်ဖော်ပြထားသကဲ့သို့ သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(ခ) လုပ်ငန်းလည်ပတ်နေစဉ်ကာလ စောင့်ကြည့်လေ့လာသောအချိန်အတွင်း မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) တို့တွင် ဆိုင်းငြွအနည်၊ ကိုလီဖောင်းစုစုပေါင်း နှင့် သံဓာတ်၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တွင်ချဉ်ဖန်ကိန်း နှင့် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) တွင် သံဓာတ် စသည်တို့သည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေပါသည်။

ဆိုင်းငြွအနည်များ၏ ရလဒ်များအနေဖြင့် ချောင်းတွင်းသို့ မစွန့်ထုတ်ခင် ဇုန်အပိုင်း(ခ)၏ အဓိကစွန့်ထုတ်ရေထွက်ပေါက်ဖြစ်သော မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ရှိ ရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ ဇုန်အပိုင်း(ခ)ရှိ မြေလွတ်များမှ မြေချက်နာပြင် စီးဆင်းရေများ ကြောင့် ဖြစ်နိုင်ပါသည်။

ကိုလီဖောင်းစုစုပေါင်း ရလဒ်အနေဖြင့် ချောင်းတွင်းသို့ မစွန့်ထုတ်ခင် ဇုန်အပိုင်း(ခ)၏ အဓိကစွန့်ထုတ်ရေထွက်ပေါက်ဖြစ်သော မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ရှိ ရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်း နှင့် ရေနေသတ္တဝါများကျင်လည် ကျက်စားခြင်းကြောင့် ဇုန်အပိုင်း(ခ) အတွင်းရှိမြေများတွင် သဘာဝမှ ဘက်တီးရီးယားများပါဝင်ပြီး အထူးသဖြင့် တိရစ္ဆာန်များမှထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း နှင့် ပတ်ဝန်းကျင်မှ အညစ်အကြေးများသည် ရေထိန်းကန်ထဲသို့စီးဝင်စေပြီး ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

ကိုလီဖောင်းစုစုပေါင်း၏ ဖြစ်တည်မှုတွင် သဘာဝမှဘက်တီးရီးယားများပါဝင်ပြီး ကိုလီဖောင်းစုစုပေါင်းသည် လူတို့၏ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်မှု မရှိသော်ငြားလည်း ကိုလီဖောင်း ဘက်တီးရီးယား အမျိုးအစားထဲမှ ကျန်းမာရေးအပေါ် သက်ရောက်မှု ရှိ/မရှိသိစေရန် တစ်နည်းအားဖြင့် ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား အမျိုးအစားတစ်မျိုး (E Coli) အား ဓာတ်ခွဲစမ်းသပ်လေ့လာခဲ့ပါသည်။ ဤဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E Coli )ရလဒ်အရ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ၏ တန်ဖိုးသည် ရည်မှန်းတန်ဖိုးအောက် နည်းပါးကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) တွင် ကိုလီဖောင်းစုစုပေါင်းသည် ရည်မှန်းတန်ဖိုးထက် များနေသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။

သံဓာတ်ရလဒ်အနေဖြင့် ချောင်းတွင်းသို့ မစွန့်ထုတ်ခင် ဇုန်အပိုင်း(ခ)၏ အဓိကစွန့်ထုတ်ရေထွက်ပေါက် ဖြစ်သော မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ရှိ ရလဒ်များသည် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ ဖြစ်နိုင်သောအကြောင်းအရာများမှာ သဘာဝ မြေဆီလွှာမှ သံဓာတ် အရင်းအမြစ် လွှမ်းမိုးမှု (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှ ထွက်လာနိုင်ပါသည်) ကြောင့်ဖြစ်နိုင်ပါသည်။ ရန်ကုန်မြို့၏မြေဆီလွှာသည် သဘာဝအားဖြင့်သံဓာတ်ကြွယ်ဝပြီး သံဓာတ်သည် သဘာဝပတ်ဝန်းကျင်တွင် အချိန်ကြာမြင့်စွာ တည်ရှိနေပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့နှင့် ပတ်သက်၍ ဆိုင်းငြွအနည်၏ ရလဒ်များမှာ ၇၀ mg/l နှင့် ၁၁၄ mg/l တို့ ရှိကြပြီး သံဓာတ်၏ ရလဒ်များမှာ ၅.၅၈၀ mg/l နှင့် ၆.၈၈၀ mg/l တို့ အသီးသီး ရှိကြပါသည်။ ဆိုင်းငြွအနည်များ၏ ရလဒ်နည်းလျှင် သံဓာတ်တည်ရှိမှုနည်းပါးပြီး ဆိုင်းငြွအနည်များ၏ ရလဒ်များလျှင် သံဓာတ်တည်ရှိမှုမြင့်မားကြောင်း သိသာထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

ချဉ့်ဖန်ကိန်းတန်ဖိုးရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4) တွင် ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသည်မှာ သီလဝါအထူးစီးပွားရေးဇုန် ပြင်ပရှိပြည်တွင်းစက်မှုဇုန်မှ ဆပ်ပြာနှင့်ဆပ်ပြာအခြေခံထုတ်ကုန်များ ပါဝင်သည့် စွန့်ပစ်ရေများ စွန့်ထုတ်လိုက်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

